စာအမှတ်။ ။ EQMM/OP/1-2021

သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် တပ်မတော်၏ မတရားအာဏာသိမ်းရယူမှုအခြေအနေနှင့် စပ်လျဉ်း၍ ညီမျှခြင်းမြန်မာက အပြင်းအထန်ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာလိုက်သည်။ အာဏာသိမ်းယူအပြီး ဆက်လက်ဖြစ်ပွားခဲ့သော နိုင်ငံရေးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူအချို့ကို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် နိုင်ငံရေးပါတီရုံးများကို ချိတ်ပိတ်ခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ အပေါ် စိုးရိမ်မိပါသည်။

မိမိတို့အနေဖြင့် အောက်ပါအချက်များကို တောင်းဆိုပါသည်။

**(၁) ဖမ်းဆီးထိန်းသိမ်းထားသော ရွေးကောက်ခံ နိုင်ငံရေးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများအား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊**

**(၂) ဒီမိုကရေစီစနစ်မှ သွေဖည်ဆန့်ကျင်သော လုပ်ရပ်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုလုပ်ဆောင်ချက်များကို ရပ်တန့်ရန်၊**

**(၃) ပြည်သူလူထု၏ဆန္ဒကို လေးစားပြီး အာဏာသိမ်းယူမှုကို ရပ်တန့်ရန်တောင်းဆိုလိုက်သည်။**

ညီမျှခြင်းမြန်မာအနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလေးစားသည့် လူမှုပတ်ဝန်းကျင်ဖော်ဆောင်ရေး အတွက် ပြည်သူလူထုနှင့် တသားတည်း ရပ်တည်ကာကွယ်သွားမည်။

ညီမျှခြင်းမြန်မာ